# သစ်တောဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ကွန်ပျူတာစီစဉ်ရေးမှူး ရာထူးနေရာများတွင် ခန့်ထားရန်အတွက် ရေးဖြေစာမေးပွဲ ဖြေဆိုမည့် နေ့ရက်၊ အချိန် ၊ နေရာ နှင့် ခုံအမှတ်များ ကြေညာခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၌ လစ်လပ်လျက်ရှိသော **ကွန်ပျူတာစီစဉ်ရေးမှူး** (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူးနေရာများအတွက် ရေးဖြေစာမေးပွဲကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| စဉ် | ဘာသာရပ် | ဖြေဆိုမည့်နေ့ရက် | ဖြေဆိုမည့်အချိန် | ဖြေဆိုမည့်နေရာ |
|---|---|---|---|---|
| ၁ | မြန်မာစာ | ၁၈-၂-၂၀၂၃ (စနေနေ့) | ၀၉ : ၀၀ နာရီ မှ ၁၁ : ၀၀ နာရီထိ | သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ရေဆင်း၊ နေပြည်တော် |
| ၂ | အင်္ဂလိပ်စာ | ၁၈-၂-၂၀၂၃ (စနေနေ့) | ၁၃ : ၀၀ နာရီ မှ ၁၅ : ၀၀ နာရီထိ | |
| ၃ | အထွေထွေဗဟုသုတ | ၁၉-၂-၂၀၂၃ (တနင်္ဂနွေနေ့) | ၀၉ : ၀၀ နာရီ မှ ၁၁ : ၀၀ နာရီထိ | |

၂။ ကွန်ပျူတာစီစဉ်ရေးမှူး ရာထူးနေရာများအတွက် ဝင်ခွင့်လျှောက်ထားသူများ၏ ရေးဖြေစာမေးပွဲ ဖြေဆိုရန် ခုံအမှတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ခုံအမှတ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် |
|---|---|---|---|
| ၁ | ကွန်ပျူတာစီစဉ် -၁ | မအေးမွန်ကျော် | ၅/မရန(နိုင်)၂၀၂၀၃၀ |

၃။ ကွန်ပျူတာစီစဉ်ရေးမှူး ရာထူးနေရာများအတွက် ဝင်ခွင့်လျှောက်ထားသူများသည် ဖြေဆိုမည့်နေ့မတိုင်မီ တစ်ရက်ကြိုတင်၍ ညွှန်ကြားရေးမှူးချုပ်ရုံး၊ စီမံခန့်ခွဲရေးဌာနသို့ သတင်းပေးပို့ရန်နှင့် စာမေးပွဲဖြေဆိုမည့်နေ့၏ နံနက် (၀၈:၃၀)နာရီအရောက် ဖြေဆိုမည့်နေရာသို့ အောက်ဖော်ပြပါ စာရွက်စာတမ်း(မူရင်း)များ ယူဆောင်၍ သတင်းပို့ရမည်ဖြစ်ပြီး (၈:၃၀)နာရီထက်နောက်ကျ၍ ရောက်ရှိလာသူများနှင့် အောက်ဖော်ပြပါ စာရွက်စာတမ်း(မူရင်း) မတင်ပြနိုင်သူများကို စာမေးပွဲဖြေဆိုခွင့် ခွင့်ပြုမည်မဟုတ်ပါ-

(က) ဘွဲ့လက်မှတ်(မူရင်း)

( ခ ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မူရင်း)

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၆)လအတွင်း သက်ဆိုင်ရာနယ်မြေရဲစခန်းမှ ထောက်ခံထားသည့် ပြစ်မှု/မှုခင်း ကင်းရှင်းကြောင်းထောက်ခံချက်(မူရင်း)

(ဃ) ပြင်ပမှလျှောက်ထားသူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြား(မူရင်း)

(င) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်(မူရင်း)

၄။ ရေးဖြေစာမေးပွဲ လာရောက်ဖြေဆိုရာတွင်လည်းကောင်း၊ လူတွေ့စစ်ဆေးခံရန် လာရောက်သည့်အခါတွင်လည်းကောင်း မိမိစရိတ်ဖြင့် လာရောက်ကြရမည်။ ရေးဖြေစာမေးပွဲတွင် အမှတ်အများဆုံး ရရှိသူများမှ လူတွေ့စစ်ဆေးမည့် အရေအတွက်ကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၀ (င) ၇ နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး လူတွေ့စစ်ဆေးမည့်၊ နေ့ရက်၊ အချိန်၊ နေရာ တို့ကို ဆက်လက်ထုတ်ပြန်သွားပါမည်။

၅။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောဦးစီးဌာန၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၅၄၀၃၊ ၀၆၇-၃၄၀၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**သစ်တောဦးစီးဌာန**